# အောင်ချမ်းသိမ်းကျေးရွာ
# ဥတ္တရသီရိမြို့နယ်

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၂၂-၂၀၃၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

အောင်ချမ်းသိမ်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ရက်

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **အောင်ချမ်းသိမ်းကျွးရွာ ကျွးရွာသယံဇာတပြမြေပုံ၊ ဥတ္တရသီရိမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၁၃ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၁၉ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇူလိုင်လ၊ ၂၀၂၂ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အောင်ချမ်းသိမ်းကျေးရွာ

## ဥတ္တရသီရိမြို့နယ်၊ အောင်ချမ်းသိမ်းကျေးရွာ၏ သဘာဝသယံဇာတပြပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

အောင်ချမ်းသိမ်းကျေးရွာသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၊ဥတ္တရခရိုင်၊ ဥတ္တရသီရိ မြို့နယ်အတွင်း မြောက်လတ္တီကျူ( ၉၆ )နှင့် အရှေ့လောင်ဂျီကျူ(၁၉) တောင်ညီကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် V4 လမ်း၊ မြောက်ဘက်တွင် သစ်တော်ကြိုးဝိုင်း၊ အရှေ့ဘက်တွင် ဆက်သွယ်ရေးတပ်၊ အနောက်ဘက်တွင် သစ်တောကြိုးဝိုင်းများရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ရာသီဥတုမှာ အပူပိုင်းမုတ်သုံရာသီဥတုဖြစ်သည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၁၀) ဧက ရှိပြီး စပါးကို အဓိကစိုက်ပျိုးကြသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်အပင်များကို အနည်းငယ် စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ဥတ္တရသီရိမြို့နယ်၊ တောင်ညီကျေးရွာအုပ်စု၊ အောင်ချမ်းသိမ်းကျေးရွာတွင် အိမ်ထောင်စု (၉၃)စု၌ ကျား(၁၅၉)ဦး၊ မ(၁၅၄)ဦး၊ စုစုပေါင်း လူဦးရေ (၃၁၃)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၅)ဦးခန့် နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၃၅၃)ဖြစ်ပြီး လုပ်သားအင်အားရရှိမှုများပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေး ဝမ်းကျောင်းကျွမ်းကျင်မှု အတတ်ပညာများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင် လုပ်ငန်းများ ထူထောင်ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်း များရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသားအလုပ်လုပ်နိုင်သောလူဦးထက် အမျိုးသမီး အလုပ်လုပ်နိုင်သော လူဦးရေမှာ ပိုမိုများပြားပါသည်။ အသက်(၆၀)နှစ်နှင့်အထက် သက်ကြီးရွယ်အို လူဦးရေမှာ ကျေးရွာရှိလူဦးရေ၏(၅.၁%)ရှိပြီး ကျန်းမာရေးမှာ အသင့်အတင့် ကောင်းမွန်ကြပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဥတ္တရသီရိမြို့နယ်၊ တောင်ညီကျေးရွာအုပ်စု၊ အောင်ချမ်းသိမ်းကျေးရွာတွင် လူမှုရေးအသင်း အဖွဲ့များရှိပြီး သက်ဆိုင်ရာ လုပ်ငန်းများအလိုက် တက်ကြွစွာ ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ သြဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုး အဖွဲ့လိုက်ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါသော်လည်း ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သော အသိအမြင်ဗဟုသုတများ အပိုင်း ( ဥပမာ- အဖွဲ့အစည်းများဆိုင်ရာ သဘောတရားများ)တွင် လိုအပ်ချက်များ ရှိနေသေးလျက် ရှိပါသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

**(က) သီးနှံ စိုက်ပျိုးရေး**

ဥတ္တရသီရိမြို့နယ်၊ တောင်ညိုကျေးရွာအုပ်စု၊ အောင်ချမ်းသိမ်းကျေးရွာတွင် တောင်သူစိုက်ပျိုးရေးဧကမှ (၁၉၇) ဖြစ်သည်။ ကျန်အိမ်ထောင်စုများမှာ လက်လုပ်လက်စားများဖြစ်ကြသည်။ အဓိကစိုက်ပျိုးသောသီးနှံမှာ နှမ်းနှင့် မြေပဲတို့ ဖြစ်ကြသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ မိုးရေကိုသာအဓိကလုပ်ကိုင်ပြီး စိုက်ပျိုးရေလုံလောက်မှုနည်းပါသည်။ အခြားသီးနှံများဖြစ်သည့် မတ်ပဲ၊ နှမ်းနှင့် မြေပဲသီးနှံများ၏ အထွက်နှုန်းမှာလည်း ရာသီအလိုက်ပြောင်းလဲလျက်ရှိပါသည်။ ကျေးရွာ၏ လက်သမားများတွင် မည်သည့်ပစ္စည်းကိုမျှ ပိုင်ဆိုင်မှု မရှိပါ။ သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုဓါတုပိုးသတ် ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ သီးနှံမျိုးစေ့များကိုလည်း ဘုရားကုန်းစျေး နှင့်မဝေးသဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံ စျေးကွက်နှင့် ဝန်ဆောင်မှုများတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချပေးပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စိုက်ပျိုးရေမလုံလောက်ခြင်းနှင့် စပါးဖျက်ပိုးအနည်းငယ်ရှိသဖြင့် ဆုံးရှုံးမှုအနည်းငယ်သာရှိသည်။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ လာရောက်မျှဝေသော်လည်း လိုက်နာနိုင်မှုအားနည်းသဖြင့် လယ်မြေများတွင် အထွက်နှုန်းနည်းပါသည်။ နည်းစနစ်အတိုင်း စိုက်ပျိုးနိုင်ပါက အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော ထုတ်ကုန်များအား ရရှိနိုင်မည် ဖြစ်ပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ဥတ္တရသီရိမြို့နယ်၊ **အောင်ချမ်းသိမ်း**ကျေးရွာတွင် တစ်ပိုင်တစ်နိုင်မွေးမြူရေးမှာ ကြက်၊ ဝက်၊ ကျွဲနှင့် နွားတို့ဖြစ်ကြပါသည်။ မွေးမြူရေးနှင့် ပတ်သက်သည့်နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများအားနည်းကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ဥတ္တရသီရိမြို့နယ်၊ **အောင်ချမ်းသိမ်း**ကျေးရွာသည် တောင်ညိုစျေးနှင့် နီးသောကြောင့် တစ်ပိုင်တစ်နိုင် စျေးဆိုင်များဖွင့်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ အခြားလုပ်ကိုင်သည့် လုပ်ငန်းများမှာ အလှပြင်ဆိုင်၊ စားသောက်ဆိုင်လုပ်ငန်းများ ဖြစ်ပါသည်။ ကား၊ ဆိုင်ကယ်၊ ထော်လာကျီမောင်း၍ ခရီးသည်များပို့ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သာအနည်းငယ်သာရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများနှင့် တစ်ပိုင်တစ်နိုင်စျေးဆိုင်များ လုပ်ကိုင်ကြသဖြင့် အခြားအသက်မွေးမှုအနေဖြင့် နည်းပညာများမရှိသည့် အတွက် လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းနည်းပါးလျက်ရှိပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ဥတ္တရသီရိမြို့နယ်၊ **အောင်ချမ်းသိမ်း**ကျေးရွာတွင် လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များတွင် ပုံစု(၇)ဖြင့် တစ်ဧကလျှင် (၁.၅)သိန်း နှုန်းဖြင့် (၁၀)ဧကအထိ အလွယ်တကူချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများလွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းနည်းကြ ပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀)ကျပ်အထိ ချေးယူ နေကြပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများရရှိရန် လိုလား ကြပါသည်။

## ၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင် နေသည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၄)စီး၊ မော်တော်ဆိုင်ကယ် (၆၄)စီး၊ သုံးဘီးဆိုင်ကယ် (၃)စီး၊ ကား (၁)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံး ပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် မြေသားလမ်း(၁)လမ်းရှိပါသည်။ ရွာအတွင်းလမ်းမှာ မိုးရာသီကာလများတွင် မြေသားလမ်းများပေါ်သို့ ရေကျော်ပြီး ရွံ့ဗွက်များ၊ ချိုင့်ခွက်များဖြစ် ပေါ်ခြင်းကြောင့် သွားလာရေးအဆင်မပြေမှုများ ရှိပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် **မဟာဓာတ်အားလိုင်းအား ချိတ်ဆက်၍လျှပ်စစ်မီးအသုံးပြု နေကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စု (၅၃)စုရှိပြီး ဆိုလာစနစ်နှင့် မီးသုံးစွဲသောအိမ်ထောင်စု အနည်းငယ် ရှိခြင်း အသုံးမပြုနိုင်သော အိမ်ထောင်စုမှာ (၉၂)စု ရှိပါသည်။**

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၂၂)လုံး၊ရေဒီယို (၅၈)လုံး၊ တီဗွီ (၅၈)လုံး၊ ဂြိုလ်တုစလောင်း (၄၂)လုံး ရှိပါသည်။

## ၆။ ပညာရေး

**ကျေးရွာတွင်** မူလတန်းကျောင်းမရှိသဖြင့် အထက်တန်းကျောင်းတွင် သွားရောက်၍ပညာ သင်ကြားရပါသည်။ ကျေးရွာရှိမိဘများအနေဖြင့် ဆင်းရဲသော်လည်း ကလေးငယ်များ၏ ပညာရေး အားအလေးထားကြောင်း တွေ့ရှိရပါသည်။ မူလတန်းအဆင့်တက်မြောက်သည့် ဦးရေမှာ (၃)ဦးရှိပြီး၊ အလယ်တန်းအဆင့် တက်မြောက်သူဦးရေမှာ (၃၄၇)ဦးနှင့် အထက်တန်းအဆင့် တက်မြောက် သူဦး ရေမှာ (၄၉)ဦး ရှိပါသည်။ ကျေးရွာတွင် အနည်းဆုံး မူလတန်းအဆင့် စာတက်မြောက်သူ လူဦးရေ များပြားခြင်းကြောင့် ကျေးရွာသည် ပညာရေးတွင် စိတ်ဝင်စားခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးလျက်ရှိပါသည်။

## ၇။ ကျန်းမာရေး

### (က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ကျေးရွာတွင်ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်းကျေးရွာ အထိလိုအပ်သည့်ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး၊ ကျေးရွာတွင် ဝမ်းပျက်ရောဂါနှင့် သွေးလွန်တုတ်ကွေးရောဂါများသည် မိုးရာသီတွင်အဖြစ်များသော်လည်း ကျေးလက်ကျန်းမာရေး ဌာနသို့သွားရောက်ကုသသဖြင့် သက်သာပျောက်ကင်းကြပါသည်။

သုံးရေအတွက် ကျေးရွာရှိ ရေတွင်းများ၊ လက်နှိပ်တုံကင်များနှင့် စက်ရေတွင်းများမှ သုံးစွဲကြပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံးအတွက် ရေလုံလောက်မှုရှိပါသည်။ ရေအရည်အသွေးမှာအသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့်အိမ်ထောင်စု အများအပြားရှိပြီး မသန့်ရှင်းသော ယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုအနည်းငယ်သာ ရှိပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

**ကျေးရွာတွင် လူငယ်များအနေဖြင့် ပျက်စီးနိုင်သော နေရာများ အလွယ်တကူရှိသော်လည်း** ထိခိုက်မှုနည်းပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုနှင့် လက်လုပ် လက်စား ကျဘမ်းသမားများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်သာရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်လွယ်ပါသည်။ ကားမောင်း၍ အသက်မွေးကြသည့် အိမ်ထောင်စုများသည် အသက်အန္တရာယ်နှင့် ထိခိုက်မှုများမှာ နည်းပါးပါသည်။

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေးမရရှိသည့် အတွက်ကြောင့် စပါးများပျက်စီးမှုများပါသဖြင့် အချိန်ကုန်ငွေကုန်ပြီး စိုက်ပျိုးရေးအတွက်ကုန်ကျစရိတ်များပြားပြီး စားနပ်ရိက္ခာဖူလုံမှု အနည်းငယ်လျော့ပါးသွားပါသည်။ မီးဘေးအန္တရာယ် စိုးရိမ်ရပြီးသစ်တောပြုန်းတီးခြင်း အနည်းငယ်သာရှိပါသည်။ ရာသီကူးပြောင်းချိန်များတွင် ခွာနာလျှာနာတိရစ္ဆာန်ရောဂါဖြစ်လေ့ရှိပြီး၊ ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးမှုမရှိပါ။

## ၉။ ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင်အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်နေကြောင်းလေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့်တရားဥပဒေဆိုင်ရာ အသိပညာများအားနည်းသဖြင့် အသိပညာပေး ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသည်။

## ၁၀။ ဦးစားပေး စီမံချက် လုပ်ငန်းများဇယား

### နောက်ဆက်တွဲများ

### နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား
နောက်ဆက်တွဲ ၄။ စီမံချက်အဆိုပြုလွှာများ

## အောင်ချမ်းသိမ်းကျေးရွာတွင် ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|
| ၁။ | ရေမြောင်း | ဦးစားပေး -၁ | |
| ၂။ | ရိစာလမ်း (ရိစာ၊ ကုန်ထုတ်လမ်း) | ဦးစားပေး -၂ | |
| ၃။ | စက်ရေတွင်း+ ရေစင် | ဦးစားပေး -၃ | |
| ၄။ | ဘက်စုံသုံးခန်းမ | ဦးစားပေး -၄ | |
| ၅။ | ရေပိုက်သွယ်တန်းခြင်း (အိမ်တိုင်ရာရောက်) | ဦးစားပေး -၅ | |

## အောင်ချမ်းသိမ်းကျေးရွာတွင် နှစ်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ |
|---|---|---|---|---|---|---|
| ၁။ | ရေမြောင်း | ✓ | | | | |
| ၂။ | ရိစာလမ်း (ရိစာ၊ ကုန်ထုတ်လမ်း) | | ✓ | | | |
| ၃။ | စက်ရေတွင်း+ ရေစင် | | | ✓ | | |
| ၄။ | ဘက်စုံသုံးခန်းမ | | | | ✓ | |
| ၅။ | ရေပိုက်သွယ်တန်းခြင်း (အိမ်တိုင်ရာရောက်) | | | | | ✓ |

ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
တောင်ညိုကျေးရွာအုပ်စု၊အောင်ချမ်းသိမ်းကျေးရွာကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း

ရက်စွဲ၊ ၂၃.၆.၂၀၂၂

| စဉ် | ကျေးရွာ | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | ရာထူး | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | အောင်ချမ်းသိမ်း | ဦးအေးနိုင် | ဦးမြင့်ကြည် | ၉ / ပမန(နိုင်) ၂၁၁၆၉၀ | ဥက္ကဋ္ဌ၊ ရန်ပုံငွေကြီးကြပ်မှုကော်မတီ | ၀၉-၇၅၇၈၈၄၆၈၄ | |
| ၂ | အောင်ချမ်းသိမ်း | ဦးလင်းနောင်ထွန်း | ဦးထွန်းတင် | ၁၃ / ကတန(နိုင်)၀၉၀၉၄၅ | အတွင်းရေးမှူး | - | |
| ၃ | အောင်ချမ်းသိမ်း | ဦးတင်ကိုလင်း | ဦးမောင်ရွှေ | - | စာရင်းကိုင် | - | |
| ၄ | အောင်ချမ်းသိမ်း | ဦးမြသောင်း | ဦးစံမြင့် | ၉ / ပမန(နိုင်) ၁၂၉၆၀၃ | ဘဏ္ဍာရေးမှူး | - | |
| ၅ | အောင်ချမ်းသိမ်း | ဒေါ်မြတ်မိုး | ဦးစံမြင့် | ၉ / ဥတသ(နိုင်) ၀၀၁၁၁၃ | ဥက္ကဋ္ဌ၊ ဝယ်ယူရေးဆပ်ကော်မတီ | - | |
| ၆ | အောင်ချမ်းသိမ်း | ဒေါ်သင်းသင်းခိုင် | ဦးမော့ကြီး | ၉ / ဥတသ(နိုင်) ၀၀၀၁၀၂ | အဖွဲ့ဝင်(၁) | - | |
| ၇ | အောင်ချမ်းသိမ်း | ဒေါ်ဌေးဌေးလှ | ဦးထွန်းပေါ | ၉ / ဥတသ(နိုင်) ၀၀၁၂၂၇ | အဖွဲ့ဝင်(၂) | - | |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ခ) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | | ၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၂ | ၁၄ | ၃၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၂၁ | ၄၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၈ | ၅၅ | ၈၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၉၁ | ၁၉၆ | ၃၈၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၁၇ | ၂၉ |
| စုစုပေါင်း | | ၂၀၈ | ၂၀၆ | ၄၁၄ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၄၅ အိမ် | | |

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ အောင်ချမ်းသိမ်းကျေးရွာတွင် လူဦးရေအနေဖြင့် အိမ်ထောင်စုပေါင်း (၁၄၅)ခုရှိပြီး ကျား(၂၀၈)ဦး၊ မ(၂၀၆) ဦးဖြင့် လူဦးရေပေါင်း (၄၁၄) ရှိပါသည်။ တစ်အိမ်ထောင်စုလျှင် ပျမ်းမျှ(၄)ဦးခန့်ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများအများဆုံးနေထိုင်ပြီး ဗုဒ္ဓဘာသာကိုသာကိုး ကွယ်ကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေ၏ (၃၅%)ခန့်ရှိ သဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီးဒေသ စီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည့်အလုပ်လုပ်နိုင်သော အရွယ်ရှိအမျိုးသားနှင့်အမျိုး သမီးဦးရေသည် ပျမ်းမျှအားဖြင့် ညီပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခု ကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွားလုပ်ငန်းများ | | | | | | | | |
| ၁ | ကိုယ်ပိုင် လုပ်ငန်း | ၄၃ | ၄၃ | | | | - | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | ၈၂ | ၈၂ | | | | - | မြင့် ☐ လတ် ✓ နိမ့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| တိရစ္ဆာန်မွေးမြူရေး | | | | | | | | |
| ၂ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ငါးလုပ်ငန်း (ရေချို/ ရေငန်ငါး/ ပုစွန်စသော ရေသတ္တဝါများ ဖမ်ခြင်း၊ မွေးမြူခြင်း) | | | | | | | | |
| ၃ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | | မြင့် ✓ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| သစ်တောလုပ်ငန်း | | | | | | | | |
| ၄ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်းငွေရလုပ်ငန်းများ | | | | | | | | |
| | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| ၅ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရ<br>လုပ်ငန်းမဟုတ်သော<br>အခြားဝင်ငွေရ<br>လုပ်ငန်းအဖြစ်<br>လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု<br>(မှတ်ချက်ကို<br>သေချာ<br>စွာဖတ်ပြီး<br>မှန်ရာတစ်ခု<br>ကိုသာရွေးရန်) |
| ထုတ်ကုန်လုပ်ငန်း | | | | | | | | |
| ၆ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | | မြင့် ✓ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | | | | | |
| ၇ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား | – | – | – | – | – | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | /ဝန်ထမ်း | | | | | | | |
| ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | | | | | | | | |
| ၈ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | – | မြင့် ✓ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ✓<br>နိမ့် ☐ |
| ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး၀ | | | | | | | | |
| ၉ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး၀ | | | | | | | | |
| ၁၀ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| လက်လီ– လက်ကားရောင်းဝယ်ရေး | | | | | | | | |
| ၁၁ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ✓<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | | | | | | | | |
| ၁၂ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | | |
| ၁၃ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ချေးငွေဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့် ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | | | | | |
| ၁၄ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၅ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | | | | | |
| ၁၆ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ပညာရေး | | | | | | | | |
| ၁၇ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| ကျန်းမာရေး | | | | | | | | |
| ၁၈ | ကိုယ်ပိုင်<br>လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| လူမှုရေးလုပ်ငန်းများ | | | | | | | | |
| ၁၉ | ကိုယ်ပိုင်<br>လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | | |
| ၂၀ | ကိုယ်ပိုင်<br>လုပ်ငန်း | - | - | - | - | - | - | X |
| | အလုပ်သမား<br>/ဝန်ထမ်း | - | - | - | - | - | - | မြင့်☐ လတ် ☐<br>နိမ့် ☐ |
| ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | | | | | |
| ၂၁ | ကိုယ်ပိုင်<br>လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား<br>/ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ် ☐<br>နိမ့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | ၁၂၅ | ၁၂၅ | | | | | X |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင်ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ အောင်ချမ်းသိမ်းကျေးရွာသည် တောင်ညိုဈေးနှင့်နီးသောကြောင့် တစ်ပိုင်တစ်နိုင်ဈေးများဖွင့်သည့် အိမ်ထောင်စုများလည်းရှိသည်။ အလှပြင်ဆိုင်၊ ကားဝပ်ရှော့၊ စားသောက်ဆိုင်လုပ်ငန်းများသည့် အိမ်ထောင်စုများလည်းရှိပါသည်။ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များ လုပ်ကိုင်ကြသဖြင့် အခြားအသက်မွေးမှုနည်းပညာများ တက်မြောက်သည့် အိမ်ထောင်စုနည်းသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနည်းသောကြောင့် စီးပွားဖြစ်ထွန်းအောင်လုပ်ကိုင်သည့် အိမ်ထောင်စုများမရှိသော်လည်း စားနိုင်ရုံမျှသာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခန့်မှန်းထား
ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခန့်မှန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ လယ်သမားအုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေခြားနားရခြင်းမှာလည်း လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်ပတွင်သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကိုမသိရှိသောကြောင့် လုပ်အားခပမာဏကို မသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၈၇ | ကောင်း ☐ | သင့် ✓ | ညံ့ ☐ |
| ယာမြေ /တောင်ယာမြေ | ၁၁၀ | ကောင်း ☐ | သင့် ✓ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ ကျွန်းမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ခနိုနတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| စုစုပေါင်း | ၁၉၇ | ☒ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း

အမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ အောင်ချမ်းသိမ်းကျေးရွာတွင် စုစုပေါင်း၈၀မှာ (၈၇) ၈၀ ရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော (၁၀) နှစ်က အခြေအနေ (မှန်ရာ တစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ □ သင့်□ နည်း □ မရှိ ✓ | လွယ် □ ခက်□ အသုံးမပြုနိုင်ပါ ✓ | လျော့ □ တိုး□ အပြောင်းအလဲမရှိ ✓ |
| ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ | များ □ သင့် □ နည်း □ မရှိ ✓ | လွယ် □ ခက်□ အသုံးမပြုနိုင်ပါ ✓ | လျော့ □ တိုး□ အပြောင်းအလဲမရှိ ✓ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ □ သင့် □ နည်း □ မရှိ ✓ | လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □ | လျော့ □ တိုး□ အပြောင်းအလဲမရှိ □ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ □ သင့် ✓ နည်း □ မရှိ □ | ☒ | လျော့ □ တိုး□ အပြောင်းအလဲမရှိ □ |

ရင်းမြစ် ...ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။အောင်ချမ်းသိမ်းကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ ၁၀၈- ၁၅ ၈ | အသင့်အတင့် ၁၀ ၈- ၅၀ ၈ | နည်း - | အလွန်နည်း (သို့) မရှိ - |
| အိမ်အခြေအနေ | အလွန်ကောင်း နှစ်ထပ်-တိုက်/ ပျဉ်ထောင် | အသင့်အတင့်ကောင်း ခြေတံရှည်အိမ် | ညံ့ တဲအိမ် | အလွန်ညံ့ - |
| ကုန်ထုတ်လုပ်မှုနှင့် | များ | အသင့်အတင့် | နည်း | အလွန်ညံ့ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် | ဆိုင်ကယ်/ နွားလှည်း/ သုံးဘီး | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း တောင်သူ | စီးပွား (ဝင်ငွေ) အသင့်အတင့် ရောင်းဝယ်/ တောင်သူ/ မွေးမြူရေး | စီးပွား(ဝင်ငွေ)နည်း ကျပန်း၊ နေ့စား၊ပန်းရံ၊ လက်သမား | စီးပွား (ဝင်ငွေ) အလွန်နည်း လက်လုပ်လက်စား၊ ကျပန်းလုပ်ကိုင်သူများ |
| အိမ်ထောင်စု | ၁၅ စု | ၃၀ စု | ၂၀ စု | ၈၀ စု |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ အင်ပင်ခုံကျေးရွာ၏ ဥစာဓနအဆင့်ဆင့်သတ်မှတ်ရာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ (၁၀%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၂၀%)၊ မပြေလည် သော အိမ်ထောင်စုမှာ (၁၃%) နှင့် အလွန်ပြေလည်သောအိမ်ထောင်စုမှာ (၅၇%) ဖြစ်ကြောင်းတွေ့ရှိ ရပါသည်။ ပြေလည်သောအိမ်ထောင်စုနှင့် အလွန်ပြေလည်သောအိမ်ထောင်စုများမှာ မြေယာ ပိုင်ဆိုင်မှုမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အတတ်ပညာများတက်ရောက်မှု နည်းပါး ခြင်းနှင့် အရင်းအနှီးမရှိခြင်းတို့သည် အဓိက အခက်အခဲများဖြစ်ပါသည်။ ကျေးရွာတွင် အဆင်ပြေ သောအိမ်ထောင်စု အနည်းငယ်သာရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လည်း လုပ် ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|---|
| | | | ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ =_____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်း ကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၇ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အောင်ချမ်းသိမ်းကျွန်းရွာတွင် ပြုစုစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများမရှိသော်လည်း အများစုသည် အခြေအနေစပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | ✓ | | | | | |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အ စီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | ✓ | | | | | |
| ၃ | ရေကြီးခြင်း | | | | | | |
| ၄ | မိုးခေါင်ခြင်း | ✓ | | | | | |
| ၅ | အအေးလွန်ကဲခြင်း | | | | | | |
| ၆ | မုန်တိုင်း | | | | | | |
| ၇ | ငလျင် | ✓ | | | | | |
| ၈ | မီးဘေး | ✓ | | | | | |
| ၉ | ဆားငန်ရေဝင်မြေ | | | | | | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | | | | | | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | ✓ | | | | | |
| ၁၂ | ၄က်ဖျားရောဂါ | | | | | | |
| ၁၃ | တီဘီရောဂါ | | | | | | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |
| ၁၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | | |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | | | | | |
| ၁၇ | လူကုန်ကူးခြင်း | | | | | | |
| ၁၈ | ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ် ရေးခက်ခဲစသည့် | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အောင်ချမ်းသိမ်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေမရှိပဲ စပါးများပျက်စီးသဖြင့် အချိန်ကုန်ငွေကုန်သဖြင့် စိုက်ပျိုးရေအတွက် ကုန်ကျစရိတ်များ ပြားပြီးစားနပ်ရိက္ခာဖူလုံမှု အနည်းငယ်လျော့နည်းပါသည်။ မိုးတွင်းအခါတွင် ရေလျှံမှုကြောင့်ရွာအတွင်း သို့ဝင်၍ ရေကြီးခြင်းကို တစ်ခါတစ်ရံခံစားရပါသည်။ မီးဘေးအန္တရာယ်အနေဖြင့် စိုးရိမ်ရပြီး သစ်တောပြုန်းတီးမှု အနည်းငယ်ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ခွာနာလျှာနာရောဂါစသည့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ်တွေ့ရပါသည်။ ကျေးရွာတွင်လူကုန်ကူးမှု မရှိပါ။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁ | လူငယ် | ✓ | | | | | |
| ၂ | အမျိုးသမီး ဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | ✓ | | | | | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | | | ✓ | | | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင် စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | | | | | | |
| ၅ | ပင်လယ်/ မြစ်ကမ်းဘေး နေထိုင်သူများ | | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရ သူများ (IDP) | | | | | | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | ✓ | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | | ✓ | | | | |
| ၁၁ | လူနည်းစုလူမျိုးများ | | | | | | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | | | | | | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | | | | | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | | | | | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | | | | | |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | ✓ | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူငယ်များအနေဖြင့် ပျက်စီးနိုင်သောအရာများ အလွယ်တကူ ရရှိနိုင်သော်လည်း ထိခိုက်လွယ်မှုနည်းပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၎င်း အိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခါးအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ ကားမောင်း၍ အသက်မွေးမြူမှုများ ပြုလုပ်ကြသည့် အိမ်ထောင်စုများသည် အသက်အန္တရာယ်ထိခိုက်လွယ်မှု နည်းပါးပါသည်။

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဘာသာရေး အဖွဲ့ | ၁☐ ၂☐ ၃☐ | ၅ | ၄ | ၉ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ☐<br>သင့်✓<br>ညံ့ ☐ |
| ၂ | မြစိမ်းရောင် | ၁☐ ၂☐ ၃☐ | ၄ | ၃ | ၇ | ပညာရေး ☐ ငွေကြေး ✓<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ✓<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၃ | ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်း | ၁☐၂☐ ၃☐ | ၄ | ၃ | ၇ | ပညာရေး ☐ ငွေကြေး ✓<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၄ | မီးလင်းရေး | ၁☐ ၂☐ ၃☐ | ၁၀ | - | ၁၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။ အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ အောင်ချမ်းသိမ်းကျေးရွာတွင် အဖွဲ (၄)ဖွဲ့ ဖွဲ့စည်းထားလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား<br>(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | ၁□ ၂□ ၃ □ ၄□ ၅□ ၆□ ၇□ | ပညာရေး □ ဌေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ |
| ၂ | လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန | ၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□ | ပညာရေး □ ဌေကြေး □<br>ကျန်းမာရေး□ ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ |
| ၃ | ရဲစခန်း | ၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□ | ပညာရေး □ ဌေကြေး □<br>ကျန်းမာရေး□ ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ |
| ၄ | လျှပ်စစ်စွမ်းအင်ဦးစီးဌာန | ၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□ | ပညာရေး □ ဌေကြေး □<br>ကျန်းမာရေး□ ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ |
| ၅ | မီးသတ် | ၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□ | ပညာရေး □ ဌေကြေး □<br>ကျန်းမာရေး□ ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ |
| ၆ | စိုက်ပျိုးရေးနှင့် မွေးမြူရေး ဦးစီးဌာန | ၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□ | ပညာရေး □ ဌေကြေး □<br>ကျန်းမာရေး□ ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင် စသည်)တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၈၀ စု | - | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | - | - | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၂၀ စု | | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၃၀ စု | - | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၁၅ စု | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုပေါင်း | | ၁၄၅ | | X |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အောင်ချမ်းသိမ်းကျေးရွာတွင် မြေယာမဲ့သူ (၈၀)အိမ်ထောင်စုရှိပြီး အများစုမှာ မြေယာမဲ့ပိုင်ဆိုင်သော အိမ်ထောင်စုများမှာ ပန်းရံ၊ လက်သမား၊ ဈေးရောင်း၊ ကျပန်းလုပ်ငန်းများတွင် လုပ် ကိုင်နေကြကြောင်းတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀) နှစ်ကအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✓ | ရှိ□မရှိ □မဖြေဆိုပါ□ | လျော့□တိုး□ အပြောင်းအလဲမရှိ✓ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ | ရှိ□ မရှိ□ မဖြေဆိုပါ✓ | လျော့□တိုး□ အပြောင်းအလဲမရှိ✓ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀) နှစ်ကအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) |
| | | | မဖြေဆိုပါ✓ | | |
| ၃ | မြစ်ရေတင် စီမံကိန်း | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✓ | ရှိ□ မရှိ□ မဖြေဆိုပါ✓ | လျော့□တိုး□ အပြောင်းအလဲမရှိ✓ |
| ၄ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✓ | ရှိ□ မရှိ□ မဖြေဆိုပါ✓ | လျော့□တိုး□ အပြောင်းအလဲမရှိ✓ |
| ၅ | အဝီစိတွင်း | ၅ | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ□ မဖြေဆိုပါ✓ | လျော့□တိုး□ အပြောင်းအလဲမရှိ✓ |
| ၆ | လက်ငင်းရေတွင်း | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ□ မဖြေဆိုပါ✓ | လျော့□တိုး□ အပြောင်းအလဲမရှိ✓ |
| ၇ | စိမ့်စမ်းရေ | - | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ□ မဖြေဆိုပါ✓ | လျော့□တိုး□ အပြောင်းအလဲမရှိ✓ |
| ၈ | ချောင်းရေ | ၁၉၇ | တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□ မရှိ□ မဖြေဆိုပါ✓ | လျော့□တိုး□ အပြောင်းအလဲမရှိ✓ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ အောင်ချမ်းသိမ်းကျေးရွာတွင် ချောင်းရေရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာ တစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၀၀ | တင်း | ၄၀ | ၇၀ | ၅၅ | ဇွန် | နိုဝင်ဘာ | မြင့်□ လတ်✓ နိမ့်□ | မြင့်□ လတ်✓ နိမ့်□ | မြင့်□ လတ်□နိမ့်□ |
| နှမ်း | ၁၇ | တင်း | ၁၀ | ၂၅ | ၇ | အောက်တိုဘာ | ဇန်နဝါရီ | မြင့်□ လတ်✓ နိမ့်□ | မြင့်□ လတ်✓ နိမ့်□ | မြင့်□ လတ်□ နိမ့်□ |

| သီးနှံ | စုစုပေါင်းစိုက်ကေ | တစ်ကေ အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့် ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာ တစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| ကြံ | ၈၀ | တန် | ၂ | ၅ | ၃ | ဇွန် | ဒီဇင်ဘာ | မြင့်□ လတ်✓ နိမ့်□ | မြင့်□ လတ်✓ နိမ့်□ | မြင့်✓ လတ်□ နိမ့်□ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် စပါးကိုသာ အဓိကထား စိုက်ပျိုးသောကျေးရွာဖြစ်ပါသည်။ အပါးစိုက်ပျိုးရေး အထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတု အခြေအနေပေါ်မူတည်ပြီး အထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်ကေလျှင် (၅၅)တင်းခန့်သာ ထွက်ရှိပါသည်။ အခြားသီးနှံများဖြစ်သည့် ကြံ၊ ပြောင်း၊ နှမ်းစသည့် သီးနှံများ၏ အထွက်နှုန်းမှာလည်း ရာသီဥတုအလိုက် ပြောင်းလဲလျက်ရှိပါသည်။ သီးနှံအထွက်နှုန်းနှင့် သီးနှံပိုးမွှားများ ကျရောက်ခြင်းနှင့် ဈေးကွက်မတည်ငြိမ်ခြင်းကြောင့် အကျိုးအမြတ်မှာ အသင့်အတင့်ရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | - | - | - | - |
| လက်တွန်းထွန်စက် | - | - | - | - |
| အစေ့ချ ကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - |
| ခြွေလှေ့စက် | ၁ | - | - | ၂၀ |
| ရေစုပ်စက် | - | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | ၂ | - | - | ၂ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာနည်းပါးကြပြီး ငှားရမ်းအသုံးပြုနေသည့် အိမ်ထောင်စုများ ရှိကြပါသည်။ လူဖြင့်ရိတ်သိမ်းကြပြီး နွားများဖြင့် စပါးခွေကာ သဘာဝလေဖြင့်စပါးလှေ့သည့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု များလည်းရှိကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း□ ကောင်း □ သင့်တင့်မျှတ ✓ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း□ ကောင်း □ သင့်တင့်မျှတ✓ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ □ အသင့်အတင့် ✓ မဖြေဆိုပါ □ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် □ ရသည် ✓ မဖြေဆိုပါ□ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာဝယ်ယူနိုင်သည် □ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✓ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် ✓ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် ✓ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်✓ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူ ရနိုင်သည်□ ရနိုင်သည် □ |
| သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် □<br>သီးနှံများကို ရောင်းချနိုင်သည် ✓ |

**ရင်းမြစ် ... (၁)ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။ သဘာဝမြေရာသီဥတုမှာ သင့်တင့်မျှတသော်လည်း စိုက်ပျိုးရေလုံလောက်စွာမရရှိပါ။ တောင်ညိုစျေးနှင့် နီးသောကြောင့် သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေးမြေဩဇာများကို ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းထွက်ကုန်များကိုလည်း ကုန်သည်ပွဲစားများနှင့် ဘုရားကုန်းစျေးတွင် ရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေးချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇)ဖြင့် ချေးငွေရယူနိုင်ပါသည်။**

**(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီဩဇာမကောင်း□ ရာသီဥတုမမှန်□မဖြေဆိုပါ□ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ✓<br>လယ်ယာမြေဆုံးရှုံးမှုများသည် □<br>လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် □<br>ပလပ်မြေများရှိသည် □ |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| | ပလပ်မြေအသင့်အတင့်ရှိသည် ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐ မဖြေဆိုပါ☐ |
| သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐<br>သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ✓ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ✓ အနည်းငယ် ☐ မဖြေဆိုပါ☐ |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှာ အိမ်ထောင်စုအနေဖြင့် (၆၅)စုရှိပြီး မြေယာတိုးချဲ့နိုင်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၈ စု | ၁၆ ကောင် |
| နို့စားနွား | - | - |
| ကျွဲ | ၆ | ၃၃ ကောင် |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၈၀ စု | ၁၁၀ ကောင် |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ကြက် | ၁၀၀ စု | ၁၉၅ ကောင် |
| ဘဲ | - | - |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွား၊ ကျွဲ၊ ဝက်၊ ကြက် စသည်တို့ကိုမွေးမြူကြပြီး မွေးမြူရေးအား တပိုင်တစ်နိုင်လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် ဈေးကွက်လည်းရှိကြောင်း တွေ့ရှိရပြီး ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများအထူးသဖြင့် ခွာနာလျှာနာ၊ ကြက်တုတ်ကွေး၊ ဝက်နားရွက်ပြာရောဂါများအဖြစ်များပြီး ရောဂါဖြင့်သေဆုံးပျက်စီးမှုများအထိ ရှိကြောင်းတွေ့ရှိရပါသည်။**

**(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် (<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| **စားကျက်မြေ** | ပေါများ ☐ အသင့်အတင့် ☐ မဖြေဆိုပါ ☐ |
| **ရေရရှိမှု** | အလုံအလောက်ရနိုင် ✓ အသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ ☐ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐<br>မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူရနိုင် ✓ မဖြေဆိုပါ ☐ |
| ချေးငွေ | ချေးငွေလွယ်ကူစွာရနိုင် ☐ ချေးငွေ အသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ ✓ |
| သွင်းအားစု (**မွေးမြူရေး အစာ၊ဆေးစသည်**)ဈေးကွက် | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများ ဝယ်ယူနိုင်သည် ✓ မဖြေဆိုပါ ☐ |
